# (၃၄) ကြိမ်မြောက် သာမန်တနင်္ဂနွေနေ့။

(သို့မဟုတ်)

# ကျွန်ုပ်တို့ သခင်ယေရှုခရစ္စတူးဘုရင်ပွဲတော်ကြီး။

## ပထမကျမ်း ဖတ်ရှုခြင်း။

ပရောဖက် အေဇေခိအဲလ် အနာဂတ္တိကျမ်း။ (၃၄။ ၁၁ မှ ၁၂၊ ၁၅ မှ ၁၇ အထိ)

အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါသည်ကိုယ်တိုင်လိုက်၍ ငါ့သိုးတို့ကိုရှာမည်။ ကွဲပြားလျက်ရှိသော မိမိသိုးတို့တွင် သိုးထိန်းရောက်သောအခါ ကြိုးစား၍ရှာသကဲ့သို့ ငါသည်လည်း ငါ့သိုးတို့ကို ကြိုးစား၍ရှာမည်။ မိုးအုံ့၍ မိုက်သောနေ့၌ သူတို့ကွဲပြားသော အရပ်ရပ်တို့က ငါနုတ်ဆောင်မည်။

ငါသည် ငါ့သိုးများကို ကျွေးမွေးမည်။ အိပ်ရာကိုလည်း ငါပေးမည်။ ပျောက်သောသိုးကို ငါရှာမည်။ သူတစ်ပါးနှင်သောသိုးကို လိုက်၍ဆောင်ခဲ့မည်။ အရိုးကျိုးသော သိုးကို အဝတ်နှင့်စည်းမည်။ အားနည်းသော သိုးကို မစမည်။ ဆူဖြိုး၍ အားရှိသောသိုးကိုကား၊ တရားအတိုင်းကျွေးမွေး၍ ကွပ်မျက်မည်ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။ အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ အို ငါ့သိုးတို့၊ ငါ၏ သိုးစုသိုးအချင်းချင်းကိုလည်းကောင်း၊ သိုးနှင့် ဆိတ်တို့ကိုလည်းကောင်း ငါပိုင်းခြားမည်။

**ဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။**

## ဆာလံသီချင်း ကျေးဇူးခြင်း။

ဆာလံ ၂၃။

သံပြိုင်။ ။ထာဝရ ဘုရားသခင် သည် ကျွန်ုပ် ၏ သိုးထိန်းဖြစ် တော်မူ ၏။ ကျွန်ုပ် ၌ မည် သည့် အရာမျှလိုလေသေးရှိမည် မဟုတ်။

- ❖ ထာဝရ ဘုရားသခင် သည် ကျွန်ုပ် ၏ သိုးထိန်းဖြစ် တော်မူ ၏။ ကျွန်ုပ် ၌ မည် သည့် အရာမျှလိုလေသေးရှိမည် မဟုတ်။ ကိုယ်တော် သည် ကျွန်ုပ် အား စိမ်းလန်းသောစားကျက် များ ၌ နားစေ တော်မူ ၏။ (သံပြိုင်)

- ❖ ကိုယ်တော် သည် ကျွန်ုပ်ကို ငြိမ်သက်သာယာသော မြစ်ချောင်း များ အနီး သို့ လမ်းပြ ခေါ် ဆောင် တော်မူ ၏။ ကိုယ်တော် သည် ကျွန်ုပ် ၏ ဝိညာဉ်ကို အားသစ်လောင်း တော်မူ ၍ ကိုယ်တော် ၏ နာမတော် အတွက် ငါ့အား ဖြောင့်မတ် သောလမ်း အ တိုင်း ခေါ် ဆောင် တော်မူ ၏။ (သံပြိုင်)

- ❖ ကိုယ်တော် သည် အကျွန်ုပ် ၏ ရန် သူ အပေါင်းတို့ ရှေ့မှောက် တွင် အကျွန်ုပ် အတွက် စားပွဲကိုတည်ခင်း တော်မူ ပြီ။ အကျွန်ုပ် ၏ ဦးခေါင်းကိုဆီ နှင့် သွန်းလောင်း ၍ ဘိသိက်ပေး တော်မူ ပြီ။ အကျွန်ုပ် ၏ ဖလား သည် လည်း ပြည့်လျှံ လျက် ရှိပါ ၏။ (သံပြိုင်)

- ❖ အကျွန်ုပ် အသက်ရှင် သည့် နေ့ရက် များ အားလုံး ၌ ကိုယ်တော် ၏ ကောင်းမြတ် ခြင်း နှင့် သနားကရုဏာတော် သည် အကျွန်ုပ် နှင့် အတူကေန်မုချရှိပါ လိမ့်မည်။ အကျွန်ုပ် သည် လည်း ထာဝရ ဘုရားသခင် ၏ အိမ်တော် ၌ ကာလအဆက်ဆက်နေရပါ လိမ့်မည်။ (သံပြိုင်)

## ဒုတိယကျမ်း ဖတ်ရှုခြင်း။

မွန်မြတ်သောတပည့်တော်ကြီး ရှင်ပေါလူး သက်ဆာလောနိမြို့သားတို့ထံ ရေးသောစာ၊ ပထမစာစောင်။ (၁၅။ ၂၀ မှ ၂၆၊ ၂၈ အထိ)

ညီအစ်ကို တို့၊ ခရစ်တော် သည် အမှန်ပင်သေ ခြင်း မှ ရှင်ပြန်ထမြောက် တော်မူ သ ဖြင့် အိပ်ပျော်ခဲ့ သော သူ တို့ တွင် အဦးဆုံးသီးသော အသီး ဖြစ် ၏။ အကြောင်း မူကား သေ ခြင်း တရား သည် လူ တစ်ယောက် အား ဖြင့် ဖြစ်ပေါ်လာသကဲ့ သို့ သေ ခြင်း မှ ရှင်ပြန်ထမြောက် ခြင်း တရား သည် လည်း လူ တစ်ယောက် အား ဖြင့် ပင် ဖြစ်ပေါ်လာလေပြီ။ လူ အပေါင်းတို့ သည် အာဒံ ၌ သေကြရသကဲ့ သို့ ထိုသူ အားလုံး တို့ သည် ခရစ်တော် ၌ အသက်ရှင်ကြရ လိမ့်မည်။ သို့ သော် လူ အသီး သီးတို့ သည် မိမိ တို့ အလှည့်ကျရှင်ပြန်ထမြောက်ကြရမည်။ ခရစ်တော် သည် ပထမဦး စွာရှင်ပြန်ထမြောက် တော်မူ ၏။ ထို့နောက် ကိုယ်တော် ကြွလာ တော်မူ သော အခါ ကိုယ်တော် ၏ နောက်လိုက်အဖွဲ့ဝင်တို့ သည် ရှင်ပြန်ထမြောက်ကြ လိမ့်မည်။ ထို့နောက် ကမ္ဘာကုန်ဆုံးချိန်ရောက်လာပြီး လျှင် ကိုယ်တော် သည် ရှိသမျှသောမင်း များ ၊ အုပ်ချုပ်သူ များ နှင့် အာဏာ ပိုင် များ ကိုဖျက်ဆီး ၍ နိုင်ငံတော်ကို ခမည်းတော်ဘုရား ၏ လက်တော် သို့ ပေးအပ် တော်မူ လိမ့်မည်။ အကြောင်း မူကား ကိုယ်တော် သည် ရန် သူ အပေါင်းတို့ အား မိမိ ၏ ခြေဖဝါးအောက် သို့ ရောက် သည့် တိုင်အောင် အုပ်စိုးရ လိမ့်မည်။ နောက်ဆုံးနှိမ်နင်းရမည့် ရန် သူကား သေ ခြင်း ပင်ဖြစ် ၏။ ခပ်သိမ်းသောအရာတို့အား သားတော် ၏ အုပ်စိုးမှုကို ခံစေ တော်မူ သော အခါ သားတော် ကိုယ်တိုင် သည် မိမိ ၏ အုပ်စိုးမှုအောက် ၌ အရာ အားလုံး ကို ချထား တော်မူ သော ဘုရားသခင် ၏ အုပ်စိုးမှုကို ခံယူ လိမ့်မည်။ ဤ သို့ ဖြင့် ဘုရားသခင် သည် ခပ်သိမ်းသောအရာတို့အပေါ်အ ပြည့်အဝအုပ်စိုး တော်မူ လိမ့်မည်။

**ဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။**

**အာလေလူယာ၊ အာလေလူယာ။** (ရှင်မာကု ၁၁။ ၉ခ + ၁၀က)

ထာဝရ ဘုရားသခင် ၏ နာမတော် ၌ ကြွလာ သော သူ သည် မင်္ဂလာရှိစေသတည်း။ ၁၀ ရောက်လာလတ္တံ့သော ငါတို့ အဖဒါဝိဒ် ၏ နိုင်ငံတော် သည် မင်္ဂလာရှိစေသတည်း။

**အာလေလူယာ၊ အာလေလူယာ။**

## ဧဝံဂေလိကျမ်းစာ ဖတ်ရှုခြင်း။

ရဟာန်း		ဘုရားသခင်သည် သက်တို့နှင့် ရှိပါစေ။

ပရိသတ်		ကိုယ်တော်၏ ဝိညာဉ်နှင့်လည်း ရှိပါစေ။

ရဟာန်း		ရှင်မာသေဦး ရေးထားသော သန့်ရှင်းသော ဧဝံဂေလိကျမ်းတည်း။ (၂၅၊ ၃၁ မှ ၄၆ အထိ)

ပရိတ်သတ်		အိုဘုရားသခင် ကိုယ်တော်အား ဘုန်းတော်ဂုဏ်တော်ရှိပါစေ။

ထိုကာလ၌ သခင်ယေဇူးသည် မိမိတပည့်တော်ကြီးတို့အား မိန့်တော်မူသည်ကား၊

လူသား သည် မိမိ ၏ ဘုန်းဂုဏ်တော် ၌ ကောင်းကင် တမန်တော် များ နှင့် အတူကြွလာ သော အခါ သူ သည် ဘုန်းကျက်သရေရှိသောပလ္လင်တော်ပေါ်၌ ထိုင် တော်မူ လိမ့်မည်။ ထို့နောက်ရှေ့တော် ၌ လူမျိုးအပေါင်း တို့ ကို စုဝေးစေပြီး သိုးထိန်း သည် သိုး တို့ ကို ဆိတ်တို့ ထံမှ ခွဲခြားသကဲ့ သို့ သူ သည် ၎င်း တို့ ကို သီးခြားစီခွဲထား တော်မူ လိမ့်မည်။ ထိုအခါ သူ သည် သိုး တို့ ကို မိမိ ၏ လက်ယာဘက် ၌ လည်းကောင်း ၊ ဆိတ် တို့ ကို မူ မိမိ ၏ လက်ဝဲဘက် ၌ လည်းကောင်း ထား တော်မူ လိမ့်မည်။

ထို့နောက် ဘုရင် သည် မိမိ ၏ လက်ယာဘက် ၌ ရှိ သော သူ တို့အား ငါ ၏ ခမည်းတော် ထံမှ ကောင်းချီးမင်္ဂလာခံရ သော သူ တို့၊ လာ ကြလော့။ ကမ္ဘာဦးကပင် သင်တို့ အတွက် ပြင်ဆင် ထား သော နိုင်ငံတော်ကို အမွေခံ ကြလော့။ အကြောင်း မူကား ငါ သည် ဆာလောင် သော အခါ သင်တို့ သည် ငါ့အားစားစရာပေးကြ ၏။ ငါ သည် ရေငတ် သော အခါ သင်တို့ သည် ငါ့အားသောက်ရေကိုပေးကြ ၏။ ငါ သည် သူစိမ်းဧည့် သည် ဖြစ် သော အခါ သင်တို့ သည် ငါ့အား ပျူငှာစွာကြိုဆိုကြ ၏။ ငါ ၌ အဝတ်မရှိ သော အခါ သင်တို့ သည် ငါ့ကိုအဝတ် နှင့် လွှမ်းခြုံပေးကြ ၏။ ငါ သည် ဖျားနာ သော အခါ သင်တို့ သည် ငါ့ကိုကြည့်ရှုကြ ၏။ ငါ သည် ထောင်ထဲ ၌ ရှိနေ သော အခါ သင်တို့ သည် ငါ့ထံ သို့ လာကြ ၏ ဟု မိန့် တော်မူ လိမ့်မည်။

ထိုအခါ ဖြောင့်မတ် သော သူ တို့က အရှင်၊ ကိုယ်တော် ဆာလောင်နေ သည် ကိုမည် သည့် အခါ ၌ အကျွန်ုပ် တို့မြင်ရ ၍ ကိုယ်တော််ကိုကျွေးမွေးခဲ့ပါသနည်း။ သို့ မဟုတ် ကိုယ်တော် ရေငတ် သည် ကို မည် သည့် အခါ ၌ မြင် ၍ ကိုယ်တော် အား သောက်စရာကိုပေးခဲ့ပါသနည်း။ ထို့အတူ ကိုယ်တော် ဧည့် သည် ဖြစ် သည် ကို မည် သည့် အခါ ၌ အကျွန်ုပ် တို့မြင် ၍ ကိုယ်တော် အားပျူငှာစွာကြိုဆိုခဲ့ပါသနည်း။

သို့ မဟုတ် ကိုယ်တော် ၌ အဝတ်မရှိ သည် ကို မည် သည့် အခါ ၌ မြင်ရ ၍ ကိုယ်တော် အားအဝတ် နှင့် လွှမ်းခြုံပေးခဲ့ပါသနည်း။ ကိုယ်တော် ဖျားနာ သည် ကို လည်းကောင်း ၊ ထောင်ထဲမှာနေရ သည် ကို လည်းကောင်း မည် သည့် အခါ ၌ အကျွန်ုပ် တို့မြင်ရ ၍ အထံတော် သို့ လာရောက်ကြည့်ရှုကြပါသနည်းဟု ပြန် ၍ လျှောက်ထားကြ လိမ့်မည်။

ထိုအခါ ဘုရင်ကသင်တို့အား ငါအမှန်ဆို သည် ကား အသိမ်ငယ်ဆုံးသောဤငါ ၏ ညီအစ်ကို တို့ တွင် တစ်ဦး ကိုသင်တို့ပြုစုခဲ့ကြ လျှင် ငါ့ကိုပင်ပြုစုကြပြီဟု သူတို့အား ပြန်ပြော တော်မူ လိမ့်မည်။

ထို့နောက် သူ သည် မိမိလက်ဝဲဘက် ၌ ရှိ သော သူ တို့အား ကျိန်ဆို ခြင်း ခံရ သော သူ တို့၊ ငါ့ ထံမှ ထွက်ခွာ ၍ နတ်ဆိုး နှင့် သူ ၏ တမန် များ အဖို့ ပြင် ထား သော ထာဝရ မီးထဲ သို့ သွား ကြလော့။ အကြောင်း မူကား ငါ သည် ဆာလောင် သော အခါ သင်တို့ သည် ငါ့အားစားစရာမပေး။ ငါ သည် ရေငတ် သော အခါ သင်တို့ သည် ငါ့အား သောက်စရာမပေး။ ငါ သည် သူစိမ်းဧည့် သည် ဖြစ် သော အခါ သင်တို့ သည် ငါ့အား ပျူငှာစွာမကြိုဆိုကြ။ ငါ ၌ အဝတ်မရှိ သော အခါ သင်တို့ သည် ငါ့ကိုအဝတ်မပေးကြ။ ငါဖျားနာ သော အခါ နှင့် ငါထောင်ကျနေ သော အခါ တို့ တွင် လည်း သင်တို့ သည် ငါ့အား မကြည့်ရှုကြဟုမိန့် တော်မူ လိမ့်မည်။

ထိုအခါ သူတို့ က လည်း အရှင်၊ ကိုယ်တော် သည် ဆာလောင် တော်မူ သည် ၊ ရေငတ် တော်မူ သည် ၊ သူစိမ်းဧည့် သည် ဖြစ် တော်မူ သည် ၊ ကိုယ် ၌ အဝတ်ကင်းမဲ့ တော်မူ သည် ၊ ဖျားနာ တော်မူ သည် ၊ ထောင်ကျ တော်မူ သည် တို့ ကို အကျွန်ုပ် တို့မည် သည့် အခါ ၌ မြင်ရ ၍ ကိုယ်တော် အားမပြုစု ဘဲ နေပါသနည်းဟု မေးလျှောက်ကြ လိမ့်မည်။

ထိုအခါ ဘုရင်က သင်တို့အား ငါအမှန်ဆို သည့် ကား အသိမ်ငယ်ဆုံးသောဤသူတို့ တွင် တစ်ဦး ကိုမျှ သင်တို့ သည် မပြုစုကြ လျှင် ငါ့ ကိုလည်း မပြုစုကြဟု မိန့် တော်မူ လိမ့်မည်။ ဤသူတို့ သည် ထာဝရ အပြစ် ဒဏ်ခံကြရ ၍ ဖြောင့်မတ် သော သူ တို့မူကား ထာဝရ အသက်ရှင် ခြင်း သို့ ဝင်ရောက်ကြ လိမ့်မည်ဟု မိန့် တော်မူ ၏။

**ဘုရားသခင်၏ ဧဝံဂေလိ နှုတ်ကပါဌ်တော်ပေတည်း။**

(အို ခရစ်တော်သခင် ကိုယ်တော်ရှင်အား ချီးမွမ်း ထောမနာရှိပါစေ။)